# နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 74 , November 20, 2020)


၁။ အနာဂတ်ပြည်ထောင်စုအရေး NLD ပါတီ၏ ထုတ်ပြန်ချက် စာတွေ့ထက် လက်တွေ့ပိုဆန်သင့်ဟု ထောက် ပြ

၂။ မြန်မာစစ်တပ် နှင့် KIA ရှမ်းမြောက် ၂နေရာမှာ တိုက်ပွဲ ဖြစ်ပွား

၃။ တနိုင်း တရုန်(Tarung) ချောင်းကူးတံတား ည ၆ နာရီ ဂိတ်ပိတ်မှုကို ဒေသခံများမလိုလား

၄။ ၁၉၄၇ ပင်လုံသဘောတူညီချက်နှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီ လိုလားကြောင်း KSPP အကြောင်းပြန်

၅။ စာချုပ် ချုပြဖို့ထက် စီမံကိန်းအပြီးတိုင် ရပ်ဆိုင်းပေးရန်လိုလားကြောင်း မြစ်ဆုံဒေသခံများတောင်းဆို

၆။ ရန်ကုန်ရှိ အာလီနိုင်းဆင့်ကရင်နှစ်သစ်ကူး ယခုနှစ် မကျင်းပဖြစ်

၇။ ဖလုံ-စဝေါ်ပါတီ၏ တစ်ခုတည်းသော ကရင်ပါတီဖွဲ့စည်းရေး တိုက်တွန်းချက် ကရင်အဖွဲ့များ ကြိုဆို

၈။ မြို့နယ်အလိုက် လူငယ်ကော်မတီများဖွဲ့စည်းရန် ကရင်အမျိုးသားပါတီစီစဉ်

၉။ ပလက်ဝမြို့နယ်အတွင်းရှိ လူဦးရေ ၂၀ ရာခိုင်နှုန်းခန့်ကသာ မဲပေးနိုင်ခြင်းသည် အစိုးရ၏အားနည်းချက်တစ်ခုသာ ဖြစ်ဟုဆို

၁၀။ ပလက်ဝမြို့ စစ်ဘေးရှောင်ပြည်သူများ ကူညီထောက်ပံ့မှုအချို့ရရှိ

၁၁။ ဝန်ကြီးချုပ်ရာထူးအတွက် တာဝန်ပေးလာပါက တာဝန်ယူရန် အဆင်သင့်ဖြစ်နေပြီး မည်သို့သည့်ရာထူးမဆို တာဝန်ကျေ အောင်ဆောင်ရွက်သွားမည်ဟု ဦးစိုးထက်မှပြော

၁၂။ ရခိုင်အရေးနှင့်ပတ်သက်၍ နိုင်ငံရေးဆွေးနွေးမှုများမရှိပါက ပဋိပက္ခများပိုလာနိုင်ဟု AHCT အတွင်းရေးမှူးပြော

၁၃။ သျှမ်းပြည်တွင် ၄ ကြိမ်မြောက် အစိုးရထောက်ပံ့ငွေ မရရှိသေးသူများနေဆဲ

၁၄။ မူဆယ်မြို့နယ် စယ်လန့် ပတ်ဝန်းကျင်တွင် သေနတ်ပစ်ခတ်သံကြားရ ဟုဆို

၁၅။ UEC အယုံအကြည်မရှိ ဟု အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ် (DNP) ပါတီ ဆန္ဒပြ

၁၆။ မောင်တော ကထိန်ပွဲ အပြန်ကားတစ်စီး မိုင်းထိ၊တစ်နှစ်ခွဲအရွယ် ကလေးငယ်တစ်ဦး အပါအဝင်သုံးဦးသေဆုံး

၁၇။ ရွေးကောက်ပွဲမှာ ပလက်ဝပါဝင်မှု ခုမီးကောင်စီ ကျေးဇူးတင်

၁၈။ ရခိုင်စစ်ပွဲတွေရပ်ဖို့ လှုပ်ရှားခဲ့တဲ့ကျောင်းသား နှစ်ယောက် ထောင်တစ်နှစ်အမိန့်ချခံရ

၁၉။ ကျောက်တော်-ပလက်ဝ လမ်းတွေ ပြန်ဖွင့်ပေးဖို့ တောင်းဆို

**၂၀။ အပစ်ရပ်လက်မှတ်ထိုးဖို့ တပ်တိုက်တွန်းပေမယ့် “၀” အဖွဲ့က အားလုံးပါဝင်ရေးမူကို လိုလား**

**၂၁။ NLD ရဲ့ငြိမ်းချမ်းရေး ကမ်းလှမ်းမှု တိုင်းရင်းပါတီတချို့ အပြုသဘောနဲ့ တုံ့ပြန်**

**၂၂။ ဆောင်းတွင်းကာလစစ်ဘေးရှောင်တွေအနွေးထည်လိုအပ်**

**၂၃။ ရှမ်းနှင့် ကချင်တွင် မူးယစ်ဆေးဝါး စစ်ဆင်ရေးစတင်**

**၂၄။ ပလက်ဝတွင် ကိုဗစ်လူနာလေးဦးစတင်တွေ့ရှိ၍ စစ်ဘေးရှောင်များအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမို လုပ်ဆောင်ပေးရန် အရပ်ဘက်အဖွဲ့များ တောင်းဆို**

**၂၅။ အစိုးရဖွဲ့စည်းရာတွင် ပြည်ထောင်စုကို စုပေါင်း စီမံခန့်ခွဲသည့်ပုံစံဖြင့် ပုံဖော်သင့်ဟု SNLD အကြံပြု**


************************************

## ၁။ အနာဂတ်ပြည်ထောင်စုအရေး NLD ပါတီ၏ ထုတ်ပြန်ချက် စာတွေ့ထက် လက်တွေ့ပိုဆန်သင့်ဟု ထောက် ပြ

(16 November 2020)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ၏ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်ပြီး ထုတ်ပြန်ချက်သည် စာတွေ့ထက်လက်တွေ့ဆောင်ရွက်ဖို့ ပိုအရေးကြီးကြောင်း ပြည်နယ်အခြေစိုက်နိုင်ငံရေးပါတီများက ပြောဆိုလိုက်သည်။ ရွေးကောက်ပွဲကျင်းပပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနေရာအများစုတွင် အနိုင်ရသည့် ရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားပါတီများနှင့်ပတ်သက်ပြီး သဘောထားထုတ်ပြန် ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးအတွက် မမိုတ်မတုန်ဆက်လက်ကြိုးပမ်းသွားရန်နှင့် တိုင်းရင်းသားလူမျိုးစုများ၏ဆန္ဒများကို အလေးထားဆောင်ရွက်သွားမည်ဖြစ် ကြောင်း ထုတ်ပြန်ထားသည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီပါတီ SNLD ဝိုင်းမော်မြို့နယ် ပြန်ကြားရေးတာဝန်ခံစိုင်းဆွန်လျို့က အဆိုပါထုတ်ပြန်ချက် သည် စာအမှတ်အသားစသဖြင့်မပါသဖြင့် ပေါ့ပျက်ပျက်ပုံစံတွေ့ရသည်ဟုဆိုသည်။ NLD ပါတီက ၎င်းတို့၏မူဝါဒကို ဆွေးနွေးပွဲ များနှင့်ပြည်ထောင်စုအဆင့်တွင် ချပြထားခြင်းမတွေ့ရသောကြောင့် ဝမ်းသာလို့ရသည့်အခြေအနေမဟုတ်သေးကြောင့် နိုင်ငံ ရေးလေ့လာသုံးသပ်သူဦးလဆန်အောင်က ပြောသည်။ နိုဝင်ဘာလ ၁၂ရက် နေ့ထုတ်ပြန်သည့် NLD ပါတီက ထုတ်ပြန် ချက်သည် တိုင်းရင်းသားများလိုလားနေသော ‘ဖက်ဒရယ်ဒီမိုကရေစီ’ ဆိုခြင်းထက် ‘ဒီမိုကရေစီဖက်ဒရယ်’ ဟုသာရေးသား ထားသည့်အတွက်ဝေဖန်မှုများလည်းပေါ်ထွက်နေသည်ကိုတွေ့ရသည်။ [https://burmese.kachinnews.com/2020/11/16/2/](https://burmese.kachinnews.com/2020/11/16/2/)

**************************

## ၂။ မြန်မာစစ်တပ် နှင့် KIA ရှမ်းမြောက် ၂နေရာမှာ တိုက်ပွဲ ဖြစ်ပွား

(18 November 2020)

မြန်မာစစ်တပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်KIA ကြား နိုဝင်ဘာ ၁၇ အင်္ဂါနေ့က ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် အတွင်း နှစ်နေရာမှာ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဒေသခံများဆိုပါသည်။

KIA တပ်ရင်း (၉) နယ်မြေ Nampati Bum (နမ္ပတီးဘွမ်)တောင်ပေါ် KIA တပ်ရင်း (၉) နှင့် မြန်မာစစ်တပ် တပ်မ (၈၈) လက်အောက်တပ်ဖွဲ့များကြား ဒေသစံတော်ချိန် နံနက်၁၀နာရီကျော်မှ အချိန်အတော်ကြာသည်အထိတိုက်ပွဲဖြစ်ပွားကာ မွန်းလွဲ ၂နာရီကျော်မှာ တစ်ကြိမ် Bang Hka ကျေးရွာအနီး တပ်မ (၉၉)တပ်ဖွဲ့ နှင့် KIA တပ်ရင်း (၃၆)ကြား အချိန်တို တိုက်ပွဲဖြစ်ပွားပါသည်။

"KIA တပ်မဟာ (၆) နယ်မြေအထဲမှာ ဖြစ်ပွားတာပါ ။ KIA တပ်ရင်း (၉) တပ်ခွဲ (၂)နဲ့တော့ တပ်မ (၈၈)ကြား ဒီနေ့ မနက် ၁၀နာရီခွဲလောက်မှာ တိုက်ပွဲဖြစ်ပွားတယ်။ KIA တပ်ရင်း (၃၆) တပ်ခွဲ (၆)ကတော့ ဒီကနေ့ မွန်းလွဲ ၂နာရီကျော် တပ်မ (၉၉)နဲ့ တိုက်ပွဲ ဖြစ်ပွားပါတယ်။ ဒီ နှစ်နေရာမှာ မြန်မာစစ်တပ်က စစ်ရေးလှုပ်ရှားဝင်ရောက်လာလို့ တိုက်ပွဲဖြစ်ပွားတာပါ" ဟု ဒေသခံတစ်ဦးကချင်သတင်းဌာနKNGကိုပြောပါသည်။

https://burmese.kachinnews.com/2020/11/18/%e1%80%99%e1%80%bc%e1%80%94%e1%80%ba%e1%80%99

*******************

## ၃။ တနိုင်း တရုန်(Tarung) ချောင်းကူးတံတား ည ၆ နာရီ ဂိတ်ပိတ်မှုကို ဒေသခံများမလိုလား

(18 November 2020)

တနိုင်းမြို့နယ် ရှင်ဗွေယာန် တရုန်(Tarung) ကျေးရွာ ချောင်းကူးတံတားတွင် လုံခြုံရေးအတွက် တပ်မတော်သားများက ညနေ ၆နာရီမှစတင်ကာ အဝင်အထွက်ပိတ်လိုက်သဖြင့် ဒေသခံများအတွက် ဖြတ်သန်းသွားလာရေးအခက်အခဲကြုံနေရသောကြောင့် အမြန်ဖြေရှင်းပေးရန် တောင်းဆိုနေကြသည်။

အဆိုပါတံတားဂိတ်ပေါက်တွင် လုံခြုံရေးအဖြစ် တာဝန်ယူထားသည့် မြန်မာ့တပ်မတော်သားများမှာ ခလရ ၂၆၀ မှ ဖြစ်သည်ဟု သိရသည်။ ရှင်ဗွေယာန်မြို့နယ်(ခွဲ)မှ ထိန်းချုပ်သည့်တရုန်ကျေးရွာ၏အနီးတဝိုက်တွင် ရွှေသတ္တုတူးဖော်သည့်နေရာများရှိနေပြီး တပ်မတော်နှင့်ကချင်လွတ်လပ်ရေးတပ်မတော် KIA တို့ထိန်းချုပ်နေသည့် နယ်မြေဖြစ်ကြောင်းလည်းသိရသည်။ အခွန်ကောက်ခံမှုကို ၂ ဖက်စစ်တပ်က လုပ်ဆောင်နေတာဖြစ်ပြီး စက်သုံးစီဆီ ၁ပေပါလျှင် မြန်မာကျပ်ငွေ ၁၀၀၀၀ ကျပ် နှင့်ဆန်တအိတ်ကို ၁၀၀၀ကျပ်စသဖြင့် ကျေးရွာအဝင်အထွက်များတွင်ကောက်ခံနေကြောင်း ဒေသခံပြည်သူများပြောဆိုချက်မှ သိရသည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသသည် ရွှေမှော်နှင့် ပယင်းမှော်အမြောက်အများရှိသောနေရာဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA တို့တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် ပြန်လည်ငြိမ်သက်နေသော ဒေသဖြစ်သည်ဟု သိရသည်။ https://burmese.kachinnews.com/2020/11/18/l1-30/

******************

## ၄။ ၁၉၄၇ ပင်လုံသဘောတူညီချက်နှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီ လိုလားကြောင်း KSPP အကြောင်းပြန်

(18 November 2020)

နောင်အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ၁၉၄၇ ပင်လုံစာချုပ်သဘောတူညီချက်နှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီကို လက်တွေ့အကောင်ထည်ဖော်ရန်လိုလားကြောင်း KSPP ပါတီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီကို ပြန်လည်အကြောင်းပြန်လိုက်သည်ဟု သိရသည်။

ရွေးကောက်ပွဲအနိုင်ရသော NLD ပါတီက နောင်အနာဂတ်ပြည်ထောင်စုတည်ဆောက်ရာတွင် တိုင်းရင်းသားပါတီများအနေဖြင့် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်သည့်စာကို တိုင်းရင်းသားပါတီ ၄၉ ပါတီထံ ပေးပို့ခဲ့သည်။ NLD ပါတီ၏ ထိုပေးပို့စာကို KSPP က နိုဝင်ဘာလ ၁၇ ရက်နေ့တွင် လက်ခံရရှိပြီး ၁၈ ရက်နေ့တွင် ပြန်လည်အကြောင်းပြန်လိုက်သည်ဟု ပါတီဥက္ကဋ္ဌ ဒေါက်တာ မနမ်တူးဂျာထံမှ သိရသည်။

နိုဝင်ဘာ ၈ ရက်နေ့ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီက နေရာအများစုတွင် အနိုင်ရရှိပြီးနောက် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားပါတီများနှင့် ပတ်သက်ပြီး သဘောထားထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ https://burmese.kachinnews.com/2020/11/18/2-3/

***************

## ၅။ စာချုပ် ချုပြဖို့ထက် စီမံကိန်းအပြီးတိုင် ရပ်ဆိုင်းပေးရန်လိုလားကြောင်း မြစ်ဆုံဒေသခံများတောင်းဆို

(18 November 2020)

ရွေးကောက်ပွဲအနိုင်ရသဖြင့် နောက်ထပ်ပြန်တက်လာမည့် NLD အစိုးရအနေဖြင့် မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်ပြီး စာချုပ်စာတမ်းချုပြဖို့ထက် စီမံကိန်းအပြီးတိုင်ဖျက်သိမ်းပေးဖို့သာ လုပ်စေချင်ကြောင်း မြစ်ဆုံဒေသခံတချို့ကပြောသည်။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမဲဆွယ်ကာလတွင် NLD ပါတီက မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်ပြီးစာချုပ် လူထုကိုချပြသွားမည်ဟု ကတိပြုခဲ့သော်လည်း အစိုးရသက်တမ်း ၅ နှစ်ကုန်ဆုံးတော့မည်အချိန်ထိ တိတ်ဆိတ်နေဆဲဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲတွင် NLD ကသာ ဆက်လက်အနိုင်ရရှိသောကြောင့် လာမည့်အစိုးရသက်တမ်းတွင် ၎င်းမြစ်ဆုံစာချုပ်ကို ချပြခြင်းထက် စီမံကိန်းလုံးဝရပ်တန့်လိုက်ဖို့သာ လိုချင်ကြောင်းပြောသည်။ မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခံထားရသည့် ပြည်သူတို့နေအိမ်များသည် ၁၀ နှစ်ကြာလာသည့်အခါ ခိုင်ခံ့မှုမရှိတော့သဖြင့် မိမိတို့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် နေရပ်ဖြစ် သည့် မြစ်ဆုံဒေသသို့ သွားလာ လုပ်ကိုင်စားသောက်နေရကြောင်း သိရသည်။

သို့ဖြစ်ပြီး မြစ်ဆုံဒေသခံများအနေဖြင့် အောင်မြင်သာတွင်နေထိုင်ပြီး မူလရင်းတို့ မြစ်ဆုံဒေသတွင် လုပ်ကိုင်စားသောက်ရန် ဆက်တက်လာမည့်အစိုးရကိုတောင်းဆိုလိုကြောင်း ဒေသခံဒေါ်လုရာက ပြောသည်။ မြစ်ဆုံစီမံကိန်းကြောင့် ရွှေ့ပြောင်းခံရသောကျေးရွာများမှာ တန်ဖရဲ၊ အောင်ဂျာယန်၊ ဒေါင်ပန်၊ လဖျဲ့ကထောင် နှင့် မလိဇွပ် စသော ကျေးရွာများဖြစ်ပြီး ၎င်းတို့ကို အောင်မြင်သာကျေးရွာနှင့် မလိယန်ကျေးရွာသစ်တို့တွင် ပြောင်းရွှေ့နေရာချထားခဲ့သည်။

https://burmese.kachinnews.com/2020/11/18/3/

*******************

## ၆။ ရန်ကုန်ရှိ အာလိန်ငါးဆင့်ကရင်နှစ်သစ်ကူး ယခုနှစ် မကျင်းပဖြစ်

(November 17, 2020)

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အာလိန်ငါးဆင့်မဟာဆေးဝက်ဘာကျောင်းဝင်းအတွင်း နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနေကျဖြစ်သည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ယခုနှစ်တွင်ကျင်းပနိုင်တော့မည်မဟုတ်ကြောင်း ပွဲတော်ကျင်းပရေးတာဝန်ရှိသူများထံမှ သိရသည်။

လက်ရှိအခြေအနေများကြောင့် အာလိန်ငါးဆင့်ကရင် အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပနိုင်ခြင်းမရှိတော့သော်လည်း အထိမ်းအမှတ်အဖြစ် နှစ်စဉ်ထုတ်ဝေသည့်ပြက္ခဒိန်များနှင့် ကရင့်ကြေးမုံမဂ္ဂဇင်းများကို ဆက်လက်ထုတ်လုပ်ဖြန့်ချီပေးသွားမည်ဖြစ်သည်ဟုလည်း မန်းသန်းဝင်းဦးက ပြောသည်။ အင်းစိန်မြို့နယ် အာလိန်ငါးဆင့်မဟာဆေးဝက်ဘာကျောင်းဝင်းအတွင်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ကျင်းပလာခဲ့သည်မှာ ၅၆ နှစ်ခန့်ရှိပြီဖြစ်ပြီး နှစ်စဉ်ကရင်ဒုံးအကပြိုင်ပွဲများ၊ တေးသီချင်းသီဆိုဖျော်ဖြေမှုများ၊ များပြားလှသည့် ဈေးဆိုင်တန်းများ၊ အားကစားပွဲများ၊ ရိုးရာလက်ဝှေ့ပွဲများဖြင့်စည်ကားစွာ ကျင်းပခဲ့ကြသည့် ကရင်နှစ်သစ်ကူးပွဲတော်တစ်ခုလည်းဖြစ်သည်။

ကရင်လူမျိုးတို့၏နေ့ထူးနေ့မြတ်တစ်ခုဖြစ်သည့် ကရင်အမျိုးသားနှစ်သစ်ကူးမှာ ကရင်သက္ကရာဇ် ၂၇၅၉ ခုနှစ် အရ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင်ကျရောက်ခဲ့ပြီး ယခု ကရင်နှစ် ၂၇၆၀ ခုနှစ်အရ လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင်ကျရောက်မည်ဖြစ်သည်။

http://kicnews.org/2020/11/%e1%80%9b%e1%80%94%e1%80%b9%e1%80%80%e1%80%af%e1%80%94%e1%80%b9%e1%80%9b%e1%80%bd%e1%80%ad

******************

## ၇။ ဖလုံ-စဝေါ်ပါတီ၏ တစ်ခုတည်းသော ကရင်ပါတီဖွဲ့စည်းရေး တိုက်တွန်းချက် ကရင်အဖွဲ့များ ကြိုဆို

(November 17, 2020)

မြန်မာနိုင်ငံအတွင်းရှိ ကရင်နိုင်ငံရေးပါတီများအနေဖြင့် တစ်ခုတည်းသောကရင်ပါတီဖွဲ့စည်းရေးအတွက် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ-PSDP ၏ တိုက်တွန်းချက်ကို ကရင်အသင်းအဖွဲ့ကွန်ရက်အသီးသီးက ကြိုဆိုလိုက် ကြသည်။

လက်ရှိတွင် ၂၀၁၀ ခုနှစ်၌ ဖွဲ့စည်းခဲ့သည့် ကရင်ပြည်နယ်အခြေစိုက် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ရန်ကုန် အခြေစိုက် ကရင်ပြည်သူ့ပါတီ-KPP၊ ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့်ရန်ကုန်နှင့် ဧရာဝတီအခြေစိုက် ကရင်အမျိုးသားပါတီ(KNP)နှင့် ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ပြည်နယ်အခြေစိုက် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ-KNDP ဟူ၍ ကရင်နိုင်ငံရေးပါတီ (၄) ပါတီရှိသည်။ နားလည်မှုရှိဖြင့် ကရင်ပါတီများစုစည်းကာ တစ်ပါတီတည်းဖြစ်ပေါ်လာပါက လူထုဆန္ဒကို တန်ဖိုးထားရာ ရောက်သကဲ့သို့ အောင်မြင်မှုများလည်းဖြစ်ထွန်းလာမည်ဖြစ်သော်လည်း ကရင်ပါတီများ အမည်အမျိုးမျိုးဖြင့် ပြောင်းလဲယှဉ်ပြိုင်နေသည့်အပေါ်တွင် စိုးရိမ်မှုရှိနေကြောင်း ကရင်အနုပညာရှင်အသင်း(KCO) နာယက စောဝင်းစိုးက ပြောသည်။

ကရင်နိုင်ငံရေးပါတီများပြန်ပေါင်းပြီး တစ်ခုတည်းသောကရင်ပါတီအဖြစ်ရပ်တည်ရန် ဒုတိယအကြိမ် ပါတီစုံ ရွေးကောက်ပွဲပြီးသည့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ၂၀၂၀ ခုနှစ်အထိ ၅ နှစ်အတွင်း (၁၁) ကြိမ်တိုင်တိုင် တွေ့ဆုံ ဆွေးနွေးအဖြေရှာခဲ့ကြသော်လည်း ယခုအချိန် ပေါင်းစည်းနိုင်ခြင်းမရှိသေးပေ။

http://kicnews.org/2020/11/%e1%80%96%e1%80%9c%e1%80%af%e1%80%b6-

%e1%80%85%e1%80%b1%e1%80%9d%e1%81%9a%e1%80%95%e1%80%ab%e1%80%90%e1%80%ae%e1%81

*******************************

**၈။ မြို့နယ်အလိုက် လူငယ်ကော်မတီများဖွဲ့စည်းရန် ကရင်အမျိုးသားပါတီစီစဉ်**

(November 19, 2020)

ဧရာဝတီတိုင်းဒေသကြီးတွင် အားပြုတည်ထောင်သည့် ကရင်အမျိုးသားပါတီအနေဖြင့် မြို့နယ်အလိုက် လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းသွားမည်ဟု ပါတီအထွေထွေအတွင်း ရေးမှူး မန်းကျော်ငြိမ်းက နိုဝင်ဘာ ၁၉ ရက်တွင် ပြောသည်။

ထိုသို့ မြို့နယ်အလိုက် ပါတီလူငယ်ကော်မတီဖွဲ့စည်းပြီးနောက် ပါတီဗဟိုလူငယ်ကော်မတီကို ဆက်ဖွဲ့စည်းသွားရန်ရှိသည်ဟု ပါတီတာဝန်ရှိသူများက ပြောသည်။ ကရင်အမျိုးသားပါတီအနေဖြင့် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ရခြင်းမှာ ပါတီကြီးများကဲ့သို့ အင်အားမရှိခြင်း၊ မဲဆွယ်စည်းရုံးရေးလုပ်ရန် အခက်အခဲများရှိခြင်း၊ ဧရာဝတီတိုင်းတွင် ကရင်လူမျိုးများသည် ပြန့်နှံ့နေထိုင်ပြီး ကရင်လူဦးရေများသည့်မြို့မှာ အနည်းငယ်သာရှိသည့်အတွက် ကရင်မဲများသီးသန့်ဖြင့်အနိုင်ရရန် မလွယ်ကူခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ကြောင်း၊ သို့သော်ပါတီအနေဖြင့် ၂၀၁၅ ထက် မဲပိုရလာ သည်ကို တွေ့ရသည်ဟု ပါတီဗဟိုကော်မတီဝင်များက ပြောသည်။

ကရင်အမျိုးသားပါတီကို ၂၀၁၄ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကရင်နိုင်ငံရေးသမားများဖြင့် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲများ ဝင်ပြိုင်ခဲ့သော်လည်း အနိုင်ရရှိခဲ့ခြင်း မရှိပေ။

http://kicnews.org/2020/11/%e1%81%bf%e1%80%99%e1%80%ad%e1%80%b3%e1%82%95%e1%80%94%e1%

****************

**၉။ ပလက်ဝမြို့နယ်အတွင်းရှိ လူဦးရေ ၂၀ ရာခိုင်နှုန်းခန့်ကသာ မဲပေးနိုင်ခြင်းသည် အစိုးရ၏အားနည်းချက်တစ်ခုသာဖြစ်ဟုဆို**

(NOVEMBER 19, 2020)

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀ ရာခိုင်နှုန်းခန့်ကသာ မဲပေးနိုင်ခြင်းသည် နယ်မြေလုံခြုံရေးအရဟုဆိုသော်လည်း အစိုးရ၏ အားနည်းချက်တစ်ခုဖြစ်ပြီး ပြည်သူလူထုအခွင့်အရေးကို ပြည့်ပြည့်ဝဝ မစွမ်းဆောင်နိုင်ခြင်းဖြစ်ကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့ Filed Director ကိုတေရကပြောသည်။

ပလက်ဝမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း (၁၀၂) အုပ်စုရှိပြီး လုံခြုံရေးအခြေအနေကြောင့် ကျေးရွာအုပ်စု (၉၄) အုပ်စုအတွက် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ (၆) သောင်းကျော်ရှိသည့်အနက် (၁) သောင်းခန့်သာ မဲပေးနိုင်ခဲ့သဖြင့် မဲဆန္ဒရှင်လူဦးရေ (၅) သောင်းခန့်မှာ မဲပေးခွင့်ဆုံးရှုံးခဲ့ရသည်။

ပလက်ဝမြို့နယ်တွင် ယခုနှစ် ရွေးကောက်ပွဲပြီးမြောက်အောင် ကျင်းပနိုင်ခြင်းအပေါ်ကြိုဆိုသော်လည်း လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဟု ပြောလို့မရကြောင်း ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ KACC မှ ပြောရေးဆို

ခွင့်ရှိသူ ဒေါ်နန်းဝေကပြောသည်။ ပလက်ဝမြို့နယ်အတွင်း ရွေးကောက်ပွဲကျင်းပနိုင်ခဲ့သည့်နေရာများမှာ ပလက်ဝမြို့ပေါ် ရပ်ကွက် ၄ ခု၊ ဆမီးမြို့ပေါ် ရပ်ကွက် ၃ ခုနဲ့ ရှင်းလက်ဝကျေးရွာတို့ဖြစ်ပြီး မဲရုံပေါင်း (၁၉) ရုံဖြင့်ကျင်းပကာ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ (၁) သောင်းဝန်းကျင် မဲပေးခဲ့ကြကြောင်းသိရသည်။ https://khonumthung.org/?p=9470

*******************

## ၁၀။ ပလက်ဝမြို့ စစ်ဘေးရှောင်ပြည်သူများ ကူညီထောက်ပံ့မှုအချို့ရရှိ

(NOVEMBER 18, 2020)

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းတွင်ခိုလှုံနေကြသည့် စစ်ဘေးရှောင်ပြည်သူများကို ကမ္ဘာ့ မိသားစုဟုခေါ်သော (Family World) Local NGO အဖွဲ့က စောင်နှင့်ခြင်ထောင်များကို နိုဝင်ဘာလ ၁၇ ရက် နေ့ကစ၍ ကူညီ ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။ တမ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA) အကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ယခုလက်ရှိ ပလက်ဝမြို့ပေါ်စစ်ဘေးရှောင်စခန်းတွင် လူဦးရေ (၄၈၀၀) ကျော်၊ ဆမီးမြို့ပေါ် စစ်ဘေးရှောင်စခန်းတွင် လူဦးရေ ၃၃၀၀ ကျော်၊ မီးဇာကျေးရွာစစ်ဘေးရှောင်စခန်းတွင်လူဦးရေ (၅၀၀) ကျော်၊ စိမ့်စင်းကျေးရွာတွင် လူဦးရေ ၂၀၀ ကျော်ရှိပြီး စုစုပေါင်း စစ်ဘေးရှောင်ပြည်သူတစ်သောင်းနီးပါးခန့်ရှိကြောင်းသိရသည်။

ဆောင်းရာသီကာလရောက်ရှိလာပြီဖြစ်သည့်အတွက် စစ်ဘေးရှောင်ပြည်သူများအနေဖြင့် အနွေးထည်နှင့် စောင်လိုအပ်မှု မြင့်မားနေပြီး ယနေ့ချိန်ထိ ကူညီထောက်ပံ့မှုမရရှိကြသေးကြောင်းသိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပလက်ဝမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်းက ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စစ်ဘေးရှောင် ပြည်သူ များကူညီထောက်ပံ့နိုင်ရေးအမြန်ဆုံးဆောင်ရွက်သွားမည်ဟု ပြောသည်။

ယခု ပလက်ဝမြို့ပေါ်ရှိ စစ်ဘေးရှောင်များအား ကူညီထောက်ပံ့ပေးနေသည့် ကမ္ဘာ့မိသားစုဟုခေါ်သော (Family World) အဖွဲ့ သည် ရန်ကုန်မြို့၊ ဟားခါးမြို့ နှင့် ပလက်ဝမြို့တို့တွင်အခြေစိုက်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီထောက်ပံ့မှုများ၊ ကလေးသူငယ်အခွင့်အရေးကာကွယ်မှုနှင့်ပညာရေးကူညီထောက်ပံ့မှုလုပ်ငန်းများဆောင်ရွက်နေသည့်အဖွဲ့ဖြစ်သည်။ https://khonumthung.org/?p=9467

**************

## ၁၁။ ဝန်ကြီးချုပ်ရာထူးအတွက် တာဝန်ပေးလာပါက တာဝန်ယူရန် အဆင်သင့်ဖြစ်နေပြီး မည့်သည့်ရာထူးမဆို တာဝန်ကျေ အောင်ဆောင်ရွက်သွားမည်ဟု ဦးစိုးထက်မှပြော

(NOVEMBER 19, 2020)

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ရာထူးအဖြစ် တာဝန်ထမ်းဆောင်ရန် ပြည်သူလူထုနှင့်အစိုးရမှ တာဝန်ပေးအပ်လာပါ က လုပ်ဆောင်ရန်အဆင်သင့်ရှိနေပြီး မည်သည့်ရာထူး/နေရာတွင်မဆို တာဝန်ကျေရန် အဆင်သင့်ဖြစ်နေကြောင်း လက်ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီး ဦးစိုးထက်မှပြောသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်း မဲဆန္ဒနယ်မြေ ၃၉ နေရာရှိသည့်အနက် ၃၆ နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ အနိုင်ရခဲ့ပြီးနောက် လူမှုကွန်ယက်တွင်

လက်ရှိ စည်ပင်ဝန်ကြီးဦးစိုးထက်အား လာမည့် ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရာထူးအတွက် ထင်ကြေးပေးမှုများ မြင့်တက်လာခဲ့သည်။

ပလက်ဝမြို့နယ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် စည်ပင်ဝန်ကြီးဦးစိုးထက်အနေဖြင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) တွင် ဝင်ရောက်ယှဉ်ပြိုင်ရာ တစ်ဦးတည်းပြိုင်ဖက်ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးနန်းဆိုက်ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ https://khonumthung.org/?p=9472

****************

## ၁၂။ ရခိုင်အရေးနှင့်ပတ်သက်၍ နိုင်ငံရေးဆွေးနွေးမှုများမရှိပါက ပဋိပက္ခများပိုလာနိုင်ဟု AHCT အတွင်းရေးမှူးပြော

(နိုဝင်ဘာ ၁၉ )

လတ်တလောကာလ၌ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားမှုလျော့ကျလာသော်လည်း နိုင်ငံရေးအရ ဆွေးနွေးမှုများ မပြုလုပ်ပါက နယ်မြေလု ပဋိပက္ခများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း AHCT အဖွဲ့အတွင်းရေးမှူးဦးကျော်ဆန်းလှိုင်က သုံးသပ်သည်။

ရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သည့်မြို့နယ်၉ခုတွင် ပြည်သူ့ကိုယ်စားပြုကိုယ်စားလှယ်များ မရှိသည့် အတွက် လွှတ်တော်ထံ ပြည်သူ့အသံမရောက်သဖြင့် စစ်အုပ်ချုပ်ရေးပုံစံမျိုးလည်းဖြစ်လာနိုင်ကြောင်းလည်း နိုဝင်ဘာ ၁၉ ရက်က ထုတ်ပြန်သည့် စစ်ရှောင်ပြည်သူများကိုကူညီရန် ရခိုင်အရပ်ဖက်အဖွဲ့ (၆) ဖွဲ့ပေါင်းစည်းထားသော " ရခိုင်လူသားချင်း စာနာထောက်ထား ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့" (AHCT)၏ အပတ်စဉ် အစီရင်ခံစာတွင်ဖော်ပြထားသည်။ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိမြို့နယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပေးရန် AA ကတောင်းဆို ထားသည်။ သို့သော် ရခိုင်လူထုတွင် ရွေးကောက်ပွဲနှင့်ပက်သက်၍ စိတ်ဝင်စားမှုအားနည်းနေသည်ကို စစ်တမ်းများတွင် တွေ့လာရပြီး မဲပေးခွင့်ရှိသူ ၄ သိန်းဝန်းကျင်တွင် ၂ သိန်းခန့်သာမဲလာပေးခဲ့ကြောင်းလည်းသိရသည်။

အဆိုပါဒေသများတွင် ကြားဖြတ်ရွေးကောက်ပွဲအမြန်ဆုံးလုပ်ဆောင်ရန်လိုအပ်နေသော်လည်း AAအဖွဲ့က တိုက်တွန်းသကဲ့သို့ ဒီဇင်ဘာလတွင် ကျင်းပပေးနိုင်ရေးအတွက် UEC အနေဖြင့်အခက်အခဲရှိနိုင်ကြောင်း ဦးကျော်ဆန်းလှိုင်ကသုံးသပ်သည်။ လက်ရှိရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သည့်မြို့နယ်များမှာ မောင်တော၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ပေါက်တော၊ မြေပုံ မြို့နယ်တို့ဖြစ်ပြီး မဲပေးခွင့်ရှိသူ ၃ ပုံ ၂ ပုံခန့်မဲပေး ခွင့်ဆုံးရှုံးထားရသည်။ http://www.mizzimaburmese.com/article/75783

****************

## ၁၃။ သျှမ်းပြည်တွင် ၄ ကြိမ်မြောက် အစိုးရထောက်ပံ့ငွေ မရရှိသေးသူများနေဆဲ

(November 19, 2020)

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ကာလ သတ်မှတ်ချက်နှင့်အညီ စတုတ္ထအကြိမ် အစိုးရ ထောက်ပံ့ကြေးအနေဖြင့် ကျပ်ငွေ ၄သောင်းပေးသော်လည်း လက်ရှိအချိန်ထိ ထောက်ပံ့ကြေးမရရှိသေးသည့် သျှမ်းပြည်လူထု အများအပြားရှိ ကြောင်းသိရသည်။

သျှမ်းပြည်တောင်ပိုင်း တချို့မြို့နယ်အုပ်ချုပ်ရေးမှူးကို သျှမ်းသံတော်ဆင့်အနေဖြင့် ဆက်သွယ်မေးမြန်းရာ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများကို တအိမ်ထောင်လျှင် ကျပ်ငွေ ၂သောင်းနှုန်းဖြင့် ပေးအပ်ခဲ့ကြောင်း ဖြေဆိုခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ကာလတွင် သတ်မှတ်ချက်နှင့်ကိုက်ညီပြီး အစိုးရထောက်ပံ့ကြေး မရသည့် ပြည်သူများတိုင်ကြားနိုင်ရန် ဖုန်းနံပတ်များထုတ်ပြန်ပေးရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၁၆ ရက်တွင်ပြောဆိုခဲ့သည်။ ထိုထုတ်ပြန်သည့် သျှမ်းပြည်အုပ်ချုပ်ရေးမှူး ဖုန်းနံပတ်တချို့ကို သျှမ်းသံတော်ဆင့်အနေဖြင့် ဆက်သွယ်ခဲ့သော်လည်း လက်ခံဖြေဆိုခဲ့ခြင်းမရှိပေ။

လက်ရှိ စတုတ္ထအကြိမ်အဖြစ် အိမ်ထောင်စု ၆.၁သန်း အတွက် ၁၆၄ ဘီလီယံ ထောက်ပံ့ပေးသွားမည်ဟုလည်း သိရသည်။ သျှမ်းပြည်အတွက် ထောက်ပံ့ကြေးပေးရာတွင် ၅၀ ရာခိုင်နှုန်းအောက်သာ ထောက်ပံ့ပေးရသေးကြောင်းလည်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။ https://burmese.shannews.org/archives/19548

*************

## ၁၄။ မူဆယ်မြို့နယ် စယ်လန့် ပတ်ဝန်းကျင်တွင် သေနတ်ပစ်ခတ်သံကြားရ ဟုဆို

(November 17, 2020)

သျှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ် စယ်လန့်ကျေးရွာအုပ်စုတွင် ယနေ့ နိုဝင်ဘာ (၁၇) ရက် မနက်ပိုင်းအချိန်၌ ပစ်ခတ်သံကြားရကြောင်း ဒေသခံများ ထံ စုံစမ်းသိရသည်။

အဆိုပါ ပစ်ခတ်သံကြားသည့် ဒေသသည် တအောင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) လှုပ်ရှားရာဒေသဖြစ်ကြောင်း ဒေသခံများပြောပြချက်အရ သိရသည်။ အဆိုပါပစ်ခတ်မှုကို တအောင်း(ပလောင်) လွတ်မြောက်ရေး တပ်မတော် (TNLA) ကို ဆက်သွယ်မေးမြန်းရာ ၎င်းတို့သည် အစိုးရတပ်မတော်နှင့် တိုက်ပွဲမဖြစ်ပွားခဲ့သည်မှာ ၃ ပတ်ကျော် ရှိပြီဖြစ်ကြောင်း တားအိုက်ကျော် က သျှမ်းသံတော်ဆင့် ကိုပြောသည်။

မူဆယ်မြို့နယ်တွင်း အစိုးရတပ်မတော် တပ်မ(၈၈) နှင့် (၉၉ )၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည့် TNLA နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA)တို့ လှုပ်ရှားသည့်နယ်မြေဖြစ်ကြောင်း သိရသည်။ https://burmese.shannews.org/archives/19509

*****************

## ၁၅။ UEC အယုံအကြည်မရှိ ဟု အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ် (DNP) ပါတီ ဆန္ဒပြ

(November 17, 2020)

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC)၏ မှားယွင်းသည့်ဆောင်ရွက်မှုကြောင့် အယုံအကြည်မရှိကြောင်း အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ (DNP) မှ ပါတီဝင်များနှင့်ဝန်းရံသူတချို့က နိုဝင်ဘာ (၁၇) ရက် နေ့လည်ပိုင်းက သျှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်ရုံးခွဲရှေ့၌ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒပြသူများ ကိုင်ဆောင်ထားသည့် ဆိုင်းဘုတ်များတွင် “ တနိုင်ငံလုံး မဲမသမာမှုများအား ဝိုင်းဝန်းစစ်ဆေးဖော်ထုတ်ရေး၊ တာဝန်ယူမှုတာဝန်ခံမှုမရှိသော ရွေးကောက်ပွဲကော်မရှင်ဖျက်သိမ်းရေး၊ မဲလိမ်မဲခိုးအစိုးရ အလိုမရှိ” စသဖြင့် ရေးသားထားသည်။ ထို့အပြင် “ မသမာသောနည်းလမ်းဖြင့် အာဏာယူရန် ကြိုးစားသောအစိုးရအား ဆန့်ကျင်ကြ၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ ပြုကျင့်မှုများအား ဆန့်ကျင်ကြ” စသည့် ကြွေးကြော်သံများ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်ပွဲမှာ (DNP) ပါတီဝင်များ အပြင်ဌာနေ ပအိုဝ်းတိုင်းရင်းသားတချို့လည်း ပါဝင်သည်ကိုတွေ့ရှိရသည်။ DNP ပါတီအနေဖြင့် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် တနေရာမျှ အနိုင်မရရှိခဲ့ပေ။ https://burmese.shannews.org/archives/19499

*****************

## ၁၆။ မောင်တော ကထိန်ပွဲ အပြန်ကားတစ်စီး မိုင်းထိ၊တစ်နှစ်ခွဲအရွယ် ကလေးငယ်တစ်ဦး အပါအဝင်သုံးဦးသေဆုံး

(၁၇ နိုဝင်ဘာ ၂၀၂၀)

ရခိုင်ပြည်နယ် မြောက်ပိုင်းနယ်စပ်မြို့ဖြစ်တဲ့ မောင်တောမြို့နယ်မြောက်ဘက် သဲချောင်းကျေးရွာအနီး ကားလမ်းမပေါ်မှာ နိုဝင်ဘာ ၁၇ ရက် နေ့လယ် ၁ နာရီခန့်အချိန်မှာ မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ကလေးငယ်တွေအပါအဝင် သုံးဦးသေဆုံးကာ ၆ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

သေဆုံးသူတွေကတော့ အသက် ၂၂ နှစ်အရွယ် ဦးကျော်ရဲအောင်၊ အသက် ၂၀ အရွယ် ဒေါ်အေးဆန်းနုနဲ့ အသက် ၁ နှစ်ခွဲခန့်အရွယ် သားလေးတစ်ဦးတို့ဖြစ်ပြီး မိသားစုသုံးဦးဖြစ်ကာ ဒဏ်ရာရရှိသူခြောက်ဦးကတော့ နောက်ထပ်မိသားစုတစ်ခုဖြစ်ပြီး အသက် ၄၀ ဝန်းကျင်အရွယ် ဦးစံလှထွန်း၊ ဇနီးဖြစ်သူ အသက် ၃၆ နှစ်အရွယ် ဒေါ်မစောယာဉ်နဲ့ သမီးလေးယောက်တို့ ထိခိုက်ဒဏ်ရာတွေ ရရှိခဲ့ကြတာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းဟာ တပ်မတော်နဲ့ ရက္ခိုင့်တပ်တော် အေအေတို့အကြား တိုက်ပွဲတွေ ဖြစ်ပွားနေတဲ့ဒေသ တစ်ခုဖြစ်ပေမဲ့ မောင်တောမြို့နယ်မြောက်ပိုင်းဟာ တိုက်ပွဲဖြစ်ပွားနေတဲ့ နယ်မြေမဟုတ်ဘဲ မကြာခဏပေါက်ကွဲမှုတွေ ဖြစ်ပွားလေ့ရှိတယ်လို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က ပြောပါတယ်။ https://www.bbc.com/burmese/burma-54974433

***************

## ၁၇။ ရွေးကောက်ပွဲမှာ ပလက်ဝပါဝင်မှု ခူမီးကောင်စီ ကျေးဇူးတင်

(2020-11-19)

ချင်းပြည်နယ် ပလက်ဝမြို့မှာ ရွေးကောက်ပွဲမကျင်းပနိုင်ရင် လူထုအသံပျောက်ပြီး ငြိမ်းချမ်းရေးဝေးသွားနိုင်သလို စစ်ဘောင်တွေလည်း ပိုကျယ်လာနိုင်တာမို့ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့တာကိုကျေးဇူးတင်ကြောင်း ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ KACC က နိုဝင်ဘာလ ၁၉ ရက်နေ့ မနေ့က ကြေညာချက် ထုတ်ပြန်ပါတယ်။

တိုက်ပွဲတွေကြောင့်ရွေးကောက်ပွဲလုပ်ဖို့/မလုပ်ဖို့ မသေချာတဲ့အခြေအနေကနေ ပြည်သူတွေရဲ့ အသံကိုနားထောင်ပြီး ရွေးကောက်ပွဲလုပ်ဆောင်ပေးတဲ့ ရွေးကောက်ပွဲကော်မရှင်၊ အစိုးရအဖွဲ့နဲ့ လုံခြုံရေးယူပေးတဲ့ တပ်မတော်ဘက်ကိုလည်း ကြိုဆိုတာကြောင့် ကြေညာချက်ထုတ်တာဖြစ်တယ်လို့ KACC က မိုင်နန်းဝေ က ဆိုပါတယ်။

ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပေမယ့်လည်း ပလက်ဝမြို့နယ်နဲ့ ထိစပ်နေတဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းဘက်က ကျောက်တော်မြို့နယ် အပါအဝင် မြို့နယ်အတော်များများမှာတော့ ရွေးကောက်ပွဲ လုံးဝမကျင်းပနိုင်ခဲ့ပါဘူး။ https://www.rfa.org/burmese/news/khumi-thank-for-election-11192020222228.html

***************

## ၁၈။ ရခိုင်စစ်ပွဲတွေရပ်ဖို့ လှုပ်ရှားခဲ့တဲ့ကျောင်းသား နှစ်ယောက် ထောင်တစ်နှစ်အမိန့်ချခံရ

(2020-11-19)

ရခိုင်ပြည်မှာ စစ်ပွဲတွေရပ်တန့်ဖို့ စတစ်ကာကမ်ပိန်းတွေလုပ်ခဲ့တဲ့ ပြည်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒု-ဥက္ကဋ္ဌ ကိုကျော်ရဲသူနဲ့ ဗကသများအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ကိုထက်အောင်တို့ကို ပေါင်းတည်မြို့နယ် တရားရုံးက နိုင်ငံတော် အကြည်ညိုပျက်စေမှုပုဒ်မ ၅၀၅ (ခ) နဲ့ နိုဝင်ဘာ ၁၈ ရက် မနေ့က မနက် ၉ နာရီခွဲလောက်မှာ ထောင်ဒဏ်တစ်နှစ် အမိန့်ချခဲ့တယ်လို့ မိသားစုဝင်တွေနဲ့ ဝန်းရံသူတွေက ပြောပါတယ်။

မြို့နယ်တရားရုံးတွေရဲ့ ပုံမှန်ရုံးဖွင့်စစ်ဆေးချိန်တွေဟာ မနက် ၁၀ လောက်ဖြစ်ပြီး ကျောင်းသားတွေကို အမိန့်ချချိန်ဟာ ပုံမှန်ချိန်ထက် စောနေတဲ့အကြောင်း၊ တရားခွင်ဟာ ရာဇဝတ်ကျင့်ထုံး ၃၆၆ (၁) အရ အများပြည်သူကြားနာနိုင်အောင် ရှိနေရမယ်ဆိုတဲ့အချက်နဲ့ မကိုက်ညီဘူးလို့ သူတို့ရဲ့အမှုကို လိုက်လံဆောင်ရွက်ပေးနေတဲ့ တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြူဖြူဝင်းက ပြောပါတယ်။ အစိုးရနဲ့ တပ်မတော်ကို ဝေဖန်ထောက်ပြတဲ့ ကျောင်းသားတွေကို နိုင်ငံတော်အကြည်ညိုပျက်စေမှုတွေနဲ့ တရားစွဲတာတွေကိုလည်း အမြန်ဆုံးရပ်တန့်ပေးဖို့နဲ့ ဖမ်းဆီးခံထားရတဲ့ ကျောင်းသားတွေကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ကိုလည်း တောင်းဆိုကြပါတယ်။

မန္တလေး၊ မုံရွာ၊ ပခုက္ကူ၊ ပြည်၊ မိတ္ထီလာ စတဲ့ဒေသအသီးသီးတို့မှာ စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုကြောင့် ပုဒ်မ ၅၀၅ (က)(ခ) တို့နဲ့ ထောင်ဒဏ်ကျခံနေရသူ၊ တရားရင်ဆိုင်နေရတဲ့ ဗကသ ကျောင်းသား စုစုပေါင်း ၁၅ ယောက်ရှိတယ် လို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် သတင်းနဲ့ ပြန်ကြားရေးအဖွဲ့က ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/rakhine-war-protest-students-jail-11192020054120.html

*****************

## ၁၉။ ကျောက်တော်-ပလက်ဝ လမ်းတွေ ပြန်ဖွင့်ပေးဖို့ တောင်းဆို

(2020-11-19)

ချင်းပြည်နယ် ပလက်ဝနဲ့ ရခိုင်ပြည်နယ် ကျောက်တော်မြို့တို့ကို ဆက်သွယ်ထားတဲ့ ကားလမ်းရော၊ ရေလမ်းကြောင်းမှာပါ တပ်မတော်နဲ့ အေအေ တို့ရဲ့ တိုက်ပွဲတွေကြောင့်သွားလို့မရတာ တစ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်လို့ အခက်အခဲကြုံနေရတဲ့ ဒေသခံပြည်သူတွေနဲ့ ဒေသခံရဟန်းသံဃာတွေက လမ်းကြောင်းပြန်ဖွင့်ပေးဖို့ တောင်းဆို နေပါတယ်။

ပလက်ဝနဲ့ ကျောက်တော် လမ်းကြောင်းပိတ်ထားတဲ့အတွက် ပလက်ဝ ဒေသခံပြည်သူတွေရဲ့ စားဝတ်နေရေး အခက်အခဲတွေရှိနေတဲ့အပြင် ပလက်ဝမြို့ပေါ်က ဘုန်းကြီးကျောင်း ၆၇ ကျောင်းက သံဃာ ၃၀၀ ကျော်မှာလည်း သွားရေးလာရေး အခက်အခဲကြုံနေရပါတယ်။ သွားလာလို့မရတဲ့အတွက် သက်ကြီးဆရာတော်တွေရဲ့ ကျန်းမာရေးအတွက် ဆေးသွားကုဖို့က

အစ အခက်အခဲကြုံနေရလို့ ပလက်ဝ – ကျောက်တော်လမ်းကို ပြန်ဖွင့်ပေးစေချင်ပြီလို့ ပလက်ဝမြို့ပေါ်က အောင်ဇေတီဓမ္မရိပ်သာ ကျောင်းတိုက် ဆရာတော် အရှင်ကုလဝံသ က RFA ကို မိန့်ပါတယ်။

ပလက်ဝမြို့နယ်ထဲမှာ တိုက်ပွဲတွေကြောင့် ကျေးရွာတွေမှာပဲပိတ်မိနေတဲ့ ချင်းတိုင်းရင်းသားစစ်ဘေးဒုက္ခသည် နှစ်သောင်းကနေ ခြောက်သောင်းကြားရှိပြီး မြို့ပေါ်စစ်ဘေးရှောင်စခန်းတွေမှာ ရောက်ရှိနေတာက တစ်သောင်းရှစ်ထောင်ကျော်ရှိတယ်လို့ ချင်းစစ်ဘေးရှောင် အရေးပေါ်ကူညီရေးနဲ့ ပြန်လည်ထူထောင်ရေးကော်မတီရဲ့ ထုတ်ပြန်ထားပါတယ်။ ပလက်ဝမြို့နယ်အတွက် အဓိကကျတဲ့ ပလက်ဝ–ကျောက်တော် ကားလမ်းနဲ့ရေလမ်းကြောင်းပိတ်ထားတာ တစ်နှစ်နီးပါးရှိပြီဖြစ်တဲ့အပြင် လက်ရှိနှစ်ဖက်တပ်တွေ အပစ်ရပ်တဲ့အချိန်ဖြစ်လို့ ပလက်ဝမြို့ပေါ်မှာရှိတဲ့ ဒေသခံပြည်သူတွေ၊ စစ်ဘေးဒုက္ခသည်တွေနဲ့ ဒေသခံရဟန်း သံဃာတော်တွေက လမ်းကြောင်းအမြန်ပြန်ဖွင့်ပေးဖို့ မျှော်လင့်နေကြပါတယ်။

ဒီလမ်းကြောင်းတွေ အခုအချိန်မှာ သွားလာခွင့်ရနိုင်မလားလို့ RFA က တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ကို ဆက်သွယ်ဖို့ ကြိုးစားခဲ့ပေမယ့်လည်း ဆက်သွယ်လို့မရခဲ့ပါဘူး။

https://www.rfa.org/burmese/news/local-people-want-kyauktaw-paletwa-road-reopen-11192020043456.html

***************

## ၂၀။ အပစ်ရပ်လက်မှတ်ထိုးဖို့ တပ်တိုက်တွန်းပေမယ့် “ဝ” အဖွဲ့က အားလုံးပါဝင်ရေးမူကို လိုလား

(2020-11-18)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့မှာ UWSA တပ်ဖွဲ့က ဒုတိယနိုင်ငံရေးမှူး ဦးညီကပ်နဲ့ တပ်ဖွဲ့ဝင်တွေကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA မှာ ပါဝင်လက်မှတ်ရေးထိုးပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ကြဖို့ မနေ့က တိုက်တွန်းခဲ့တာပါ။

UWSAဦးဆောင်တဲ့ FPNCCမှာ မိုင်းလားအဖွဲ့ NDAA၊ ကချင်လွတ်မြောက်ရေးတပ်မတော် KIA၊ တအာင်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ TNLA၊ ကိုးကန့်အဖွဲ့ MNDAA၊ ရှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA၊ ရခိုင့်တပ်တော် AA တို့ ပါဝင်ပါတယ်။ ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးဖို့ ကမ်းလှမ်းတာကောင်းတဲ့အလားအလာလို့မြင်ပေမယ့် တစ်ဖွဲ့ထဲကို ကမ်းလှမ်းပြီး အားလုံးကို မကမ်းလှမ်းတာ ဘာကြောင့်လဲလို့ TNLA ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးမိုင်းအိုက်ကျော် က မေးခွန်းထုတ်ပါတယ်။

သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်က NCA စာချုပ်ကို ၂၀၁၅ ခုနှစ်မှာ တိုင်းရင်းသားလက်နက်ကိုင် (၈) ဖွဲ့ လက်မှတ်ရေးထိုးခဲ့ကြတာပါ။ ပြီးခဲ့တဲ့ လေးနှစ်ကျော်ကြာကာလအတွင်း အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အစိုးရလက်ထက်မှာတော့ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ နှစ်ဖွဲ့ပါဝင်လက်မှတ်ရေးထိုးထားပါတယ်။

https://www.rfa.org/burmese/news/military-encourage-for-nca-11182020055434.html

***************

## ၂၁။ NLD ရဲ့ငြိမ်းချမ်းရေး ကမ်းလှမ်းမှု တိုင်းရင်းပါတီတချို့ အပြုသဘောနဲ့ တုံ့ပြန်

(19 နိုဝင်ဘာ၊ 2020)

NLD ပါတီအနေနဲ့ ခေတ်အဆက်ဆက်ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ အဖြေရှာဖို့ ဆုံးဖြတ်ထားကြောင်းအဖွဲ့ချုပ်က ထုတ်ပြန်လိုက်သလို ပြည်တွင်းငြိမ်းချမ်းရေးအတွက်အားလုံးပါဝင်ကြဖို့ တိုင်းရင်းသားပါတီ တခုချင်းဆီကို စာပေးပို့ထားပြီး ဒီအပေါ်မှာ အပြုသဘောဆောင်တဲ့ သဘောထားတွေနဲ့တုံ့ပြန်လိုက်တဲ့ တိုင်းရင်းသားပါတီတချို့ရဲ့ သဘောထားကို ပြောပြမှာပါ။ ဗွီအိုအေမြန်မာပိုင်းသတင်းထောက် ကိုဇော်ထက်က သတင်းပေးပို့ထားပါတယ်။

ဒါကြောင့် ဒီကမ်းလှမ်းမှုအပေါ်မှာ အကောင်းမြင်တဲ့ဘက်ကရှိပြီးပူးပေါင်းဆောင်ရွက်မှုကနေ ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းတွေ ရှိလာနိုင်ကြောင်း KSPP ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ဗွီအိုအေကို ပြောပါတယ်။ NLD ဘက်က ပြည်ထောင်စုအရေးအတွက် တိုင်းရင်းသားတွေနဲ့ အတူဆောင်ရွက်မယ်ဆိုတဲ့ ကမ်းလှမ်းချက်ကိုကြိုဆိုကြောင်း ဒါပေမဲ့ ဒီသဘောထားဟာ လက်တွေ့ ညှိနှိုင်းဆောင်ရွက်ရတဲ့အချိန်မှာ ကိုက်ညီရဲ့လားဆိုတာ စောင့်ကြည့်ရဦးမှာဖြစ်ကြောင်း ရခိုင်အမျိုးသားပါတီ ဘက်က တုံ့ပြန်လိုက်တာပါ။

NLD ပါတီအနေနဲ့ ၁၉၉၀ နဲ့ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ ရလဒ်တွေထက် ၂၀၂၀ ရွေးကောက်ပွဲမှာ ရာခိုင်နှုန်းအများဆုံးနဲ့ နိုင်ခဲ့ပြီးပြည်ထောင်စု လွှတ်တော်အတွက် အမတ်နေရာ ၃၉၆ နေရာရခဲ့တာပါ။ အမေရိကန်၊ ဗြိတိန်၊ အိန္ဒိယ၊ ပြင်သစ်နဲ့ ဩစတြေးလျနိုင်ငံတွေက အနိုင်ရ NLD ပါတီကို ဂုဏ်ပြုကြောင်း၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီအတွက် ပံ့ပိုးသွားမယ့်အကြောင်း သဘောထား အသီးသီးထုတ်ပြန် ကြိုဆိုခဲ့ပါတယ်။

https://burmese.voanews.com/a/nld-peace-invitation-to-ethnic-parties-react-/5668384.html

***************

## ၂၂။ ဆောင်းတွင်းကာလစစ်ဘေးရှောင်တွေအနွေးထည်လိုအပ်

(19 နိုဝင်ဘာ၊ 2020)

မြန်မာစစ်တပ်နဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ကြား စစ်ရေးပဋိပက္ခတွေကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရတဲ့ စစ်ဘေးရှောင်တွေ ဆောင်းရာသီမှာ စောင်၊ အနွေးထည်အပါအဝင် အရေးပေါ်အကူအညီတွေလိုအပ်နေတဲ့အကြောင်း နိုင်ကွန်းအိန်က သတင်းပေးပို့ထားပါတယ် ။

စစ်ရေးတင်းမာမှုတွေကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေကြရတဲ့ ချင်းပြည်နယ်နဲ့ကချင်ပြည်နယ်က စစ်ဘေးဒုက္ခသည်တွေ ဆောင်းတွင်းအအေးဒဏ်ကို ကာကွယ်ဖို့နဲ့ စားနပ်ရိက္ခာအခက်အခဲတွေကြုံနေရတယ်လို့ အကူအညီပေးရေးအဖွဲ့တွေက ပြောပါတယ်။ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာ ဆိုရင်လည်း စစ်ဘေးဒုက္ခသည်တွေ စောင်နဲ့ အနွေးထည် အရေးတကြီး လိုအပ်နေတယ်လို့ တိုက်ပွဲရှောင်နဲ့ သဘာဝဘေးကူညီရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်အောင်က ပြောပါတယ်။

ကချင်ပြည်နယ်မှာလည်း အကူညီပေးရေးအဖွဲ့တွေ အလာနည်းလာတဲ့အတွက် စစ်ဘေးဒုက္ခသည်တွေ ဆောင်းတွင်းကာလ အရေးပေါ် လိုအပ်ချက်တွေ ရှိနေတယ်လို့ ပူတာအို လုံးစွတ်စစ်ရှောင်စခန်း တာဝန်ခံ ဦးဖုန်ထိန် ကပြောပါတယ်။ အထူးသဖြင့်

တရုတ်နယ်စပ်အနီးက စစ်ဘေးဒုက္ခသည်စခန်းတွေမှာ လိုအပ်ချက်တွေရှိနေပြီး ပြောင်းရွှေ့ရတဲ့အခြေအနေအထိ ရောက်နေပြီးလို့ ကချင်နှစ်ချင်း ခရစ်ယန်အဖွဲ့ချုပ်KBC ဥက္ကဋ္ဌဒေါက်တာခလန်ဆမ်ဆွန်ကပြောပါတယ်။

လက်ရှိCOVID-19ရောဂါဖြစ်ပွါးနေတဲ့အခြေအနေကြောင့်တရုတ်နယ်စပ်ပိတ်ပင်ထားတဲ့အတွက် နယ်စပ်ဒုက္ခသည်စခန်းမှာအခက်တွေ့နေတာပါ။ ကချင်ပြည်နယ်မှာ မြန်မာစစ်တပ်နဲ့KIOကချင်လွတ်လပ်ရေးအဖွဲ့တို့အကြား ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်တန့်နေသလို၊ ရခိုင်လက်နက်ကိုင်အဖွဲ့ AA က ရွေးကောက်ပွဲ မကျင်းပနိုင်တဲ့ နယ်မြေတွေမှာ ပြန်ကျင်းပနိုင်မယ့် အခြေအနေတွေ ဖန်တီးဖို့ ကမ်းလှမ်းချက်ကို တပ်မတော်က ကြိုဆိုခဲ့ပြီးနောက် ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်တွေမှာ တိုက်ပွဲတွေလည်း ငြိမ်သက်နေပါတယ်။ https://burmese.voanews.com/a/winter-refugees-winter-clothes-kachin-chin/5668964.html

*****************

## ၂၃။ ရှမ်းနှင့် ကချင်တွင် မူးယစ်ဆေးဝါး စစ်ဆင်ရေးစတင်

(November 20, 2020)

မူးယစ်ဆေးဝါးထုတ်လုပ်မှုကြောင့် နာမည်ဆိုးဖြင့်ကျော်ကြားသော ရွှေတြိဂံဒေသအပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံးနှင့် ကချင်ပြည်နယ်တွင် ကမ္ဘောဇစစ်ဆင်ရေးအမည်ဖြင့် မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးစီမံချက်ကို စတင်နေသည်။

ကမ္ဘောဇစစ်ဆင်ရေးသည် ရှမ်းပြည်နယ်ကို အဓိကဆောင်ရွက်ခြင်းဖြစ်သော်လည်း ရှမ်းပြည်နယ်နှင့်ထိစပ်နေသည့် ကချင်ပြည်နယ် ဗန်းမော်မြို့ကိုလည်း စစ်ဆင်ရေးဧရိယာအတွင်း ထည့်သွင်းထားသည်။ ကမ္ဘောဇစစ်ဆင်ရေးကို နိုဝင်ဘာ ၁၅ ရက်ကစတင်ခဲ့ခြင်းဖြစ်သည်။ စစ်ဆင်ရေးမတိုင်မီ ရက်အနည်းငယ်က ပြင်ဦးလွင်မြို့တွင်တပ်ဆင်ထားသည့် မူးယစ်ဆေးဝါးစစ်ဆေးရာတွင် အသုံးပြု သော X Ray စက်ကို ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးရဲမှူးချုပ်ဝင်းနိုင်က သွားရောက်စစ်ဆေးခဲ့သည်။

ရွှေတြိဂံဒေသအပါအဝင် ရှမ်းပြည်နယ်တွင် ၂၀၁၇ ဩဂုတ်ကလည်း ရှမ်းရိုးမအမည်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ကို လုပ်ဆောင်ခဲ့ဖူးသည်။ မြန်မာ၊ ထိုင်း၊ လာအို သုံးနိုင်ငံ ထိစပ်နေသော ရွှေတြိဂံဒေသသည် အာရှတိုက်၏ ဘိန်းစိုက်ပျိုးမှု ဒုတိယအများဆုံးနေရာဖြစ်ပြီး ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် ဒုတိယမြောက် ဘိန်းအများဆုံးထုတ်လုပ်သောဒေသဖြစ်သည်။ https://7day.news/detail?id=206055

*******************

## ၂၄။ ပလက်ဝတွင် ကိုဗစ်လူနာလေးဦးစတင်တွေ့ရှိ၍ စစ်ဘေးရှောင်များအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ပေးရန် အရပ်ဘက်အဖွဲ့များ တောင်းဆို

(November 20, 2020)

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့တွင် ကိုဗစ်အတည်ပြုလူနာလေးဦး စတင်တွေ့ရှိခဲ့၍ စစ်ဘေးရှောင်စခန်းများအတွက် စိုးရိမ်မိကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ငန်းပိုမိုဆောင်ရွက်ပေးရန်ဒေသခံများအပါအဝင် အရပ်ဘက်အဖွဲ့အစည်းများက တောင်းဆိုသည်။

ရန်ကုန်မြို့မှ ပြန်လာပြီး ပလက်ဝမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားသည့် လူငယ်လေးဦးတွင် နိုဝင်ဘာ ၁၉ ရက်က ကိုဗစ်ပိုးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လူဦးရေထောင်နှင့်ချီခိုလှုံနေသည့် ပလက်ဝမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းများအတွက် ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ဒေသခံများနှင့် အရပ်ဘက်အဖွဲ့အစည်းများက အကြံပြုသည်။ ပလက်ဝစစ်ဘေးရှောင်များ တွင် ကိုဗစ်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးရေးလုပ်ငန်းများကိုသာ ယခင်ကလုပ်ဆောင်နိုင်ခဲ့ပြီး ကာကွယ်ရေးပစ္စည်းများပို့ဆောင်ရန်အတွက်မူ ဒေသအခြေအနေကြောင့် အခက်အခဲများရှိခဲ့ကြောင်း ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (KACC) ပြောရေးဆိုခွင့် ရှိသူ မိုင်နန်းဝေက ပြောသည်။

ပလက်ဝမြို့နယ် အုပ်ချုပ် ရေးမှူး ဦးအောင်လောဟန်ကမူ ကိုဗစ်လူနာများနှင့် ဆက်စပ်သူသုံးဦး ထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတို့ကို အသွားအလာကန့်သတ်စောင့် ကြည့်ထားကြောင်းပြောသည်။ တပ်မတော်နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့ (AA)တို့ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် ပလက်ဝမြို့နယ်တွင် လူဦးရေတစ်သောင်းခန့်မှာ ယာယီစခန်း များတွင် တိမ်းရှောင်နေရသည်။ ပလက်ဝမြို့ပေါ်တွင်မူ စစ်ဘေးရှောင်ဦးရေ ငါးထောင်ကျော်ရှိ သည်ဟု KACC က ဆိုသည်။

https://7day.news/detail?id=206041

******************

## ၂၅။ အစိုးရဖွဲ့စည်းရာတွင် ပြည်ထောင်စုကို စုပေါင်း စီမံခန့်ခွဲသည့်ပုံစံဖြင့် ပုံဖော်သင့်ဟု SNLD အကြံပြု

(November 19, 2020)

ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အနေဖြင့် အစိုးရဖွဲ့စည်းရာတွင် ပြည်ထောင်စုကိုစုပေါင်း စီမံခန့်ခွဲသည့်ပုံစံဖြင့် ပုံဖော်သင့်ကြောင်း ရွေးကောက်ပွဲတွင်တတိယအများဆုံး အနိုင်ရရှိထားသည့် ပါတီဖြစ်သော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD) ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ် က အကြံပြုပြောကြားသည်။

SNLD ၏မူဝါဒမှာ အားလုံး ပိုင်ဆိုင်သည့် ပြည်ထောင်စုကို အားလုံးစုပေါင်းပြီး စီမံခန့်ခွဲခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ NLD ပါတီက ထုတ်ဖော်ပြောကြားထားသည့် တိုင်းရင်းသားများနှင့် လက်တွဲဆောင်ရွက်မည်၊ ညှိနှိုင်းဆောင်ရွက်မည်ဆိုသည့် အချက်များသည်ကောင်းမွန်ကြောင်း၊ လာမည့်အစိုးရသက်တမ်းအတွင်း အဓိကလုပ်ဆောင်ရမည့်အချက်မှာ တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အထောက်အကူပြုစေနိုင်မည့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဖြစ်ကြောင်း ဦးစိုင်းလိတ်ကပြောသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ပေးထားသည့်ဝန်ကြီးများကို ဌာနလက်ကိုင်နှင့်လုပ်ပိုင်ခွင့်တိုးပေးသင့်ကြောင်း ၎င်းကဆိုသည်။

နောင်အနာဂတ်တွင် တိုင်းရင်းသားလူမျိုးစုများ၏ ဆန္ဒများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပါတီများ အနေဖြင့်လည်း NLD ကဖော်ဆောင်မည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအရေးကို တက်ကြွစွာပူးပေါင်းပါဝင်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်း တိုင်းရင်းသားနိုင်ငံရေးပါတီများ ထံသို့ စာပို့ထားသည်။

https://7day.news/detail?id=205943

***********************

**မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****